
ဝက်ကလေး
ခေါ်သောင်ရာဆိ

# Pig Leads the Way
# ဝက်ကလေး ခေါ်ဆောင်ရာဆီ

Author: Irajendran Sevugan
Illustrator: Isuri Dayaratne

Editor: လူသာမန်
Translators: နိုင်ဝင်းလှိုင်၊ မိုး၊ အောင်သိန်းသန်းဌေး၊ မချော

MM-ABP-19-0045
Copyright © 2015 by Room to Read
All rights reserved
Translated by MBAPF under license from Room to Read
Translation Copyright © 2019 by Room to Read

Originally published in Sri Lanka by Room to Read in 2015
First Myanmar Language Edition
ISBN – 978-99971-54-35-4

ထုတ်ဝေသူ -
ဒေါက်တာသန့်သော်ကောင်း (မှတ်ပုံတင်အမှတ် - ၀၀၂၂၀)
Myanmar Book Centre စာပေတိုက်
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

Distributed by:
Myanmar Book Centre
အမှတ် (၅၅)၊ အလုံလမ်းနှင့် ဗဟိုလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
Tel: (951) 212 409, 221 271, (959) 731 477 32, 730 159 93
Fax: (951) 221 271
Email: info@myanmarbook.com
www.MyanmarBook.com

ပုံနှိပ်သူ -
ဦးမြင့်သူ (မှတ်ပုံတင်အမှတ် - ၀၁၄၆၇)
Print City Design & Printing
No. 263, Corner of Thein Phyu Street & Maha Bandoola Road,
YMCA Building, Botahtaung Tsp, Myanmar. Tel: 09 965 000 118

Myanmar Book Aid and Preservation Foundation (MBAPF) is a non-profit charity organization with the goal of improving quality and access to education and information services through community, public and school libraries in Myanmar (Burma).
Learn more at www.mbapf.org


Room to Read ® provides technical assistance services in children's literacy and girls' education.
Learn more at www.roomtoread.org

Room to Read
465 California Street, Suite 1000
San Francisco, CA 94104
USA

Original Version available from:
Room to Read Sri Lanka,
No.38, Dr. E.A Cooray Mawatha,
Colombo 06, Sri Lanka

# ဝက်ကလေး
# ခေါ်ဆောင်ရာဆီ





လယ်သမားကြီး ဦးသာအောင်
ပြန်မလာသေးဘူး။
တိရစ္ဆာန်တွေကတော့ ဆာလောင်နေကြပြီ။

အဲဒီအချိန်မှာပဲ ဝက်ကလေးက
အစည်းအဝေး ခေါ်လိုက်တယ်။



“စပါးကျီထဲ သွားပြီး ကိုယ့်ဘာသာကိုယ်
စားလိုက်ကြရအောင်ဟော့” လို့ ပြောလိုက်တယ်။



တိရစ္ဆာန်တွေအားလုံးကလည်း
သဘောတူကြတယ်။

တိရစ္ဆာန်တွေဟာ ဝက်ကလေးရဲ့ ဦးဆောင်မှုနောက်
လိုက်ပြီး စပါးကျီထဲ ဝင်သွားကြတယ်။



အထဲလည်း ရောက်ရော ရွှံ့အိုင်လေးကို
တွေ့ပြီး ခုန်ဝင်လိုက်ပါလေရော။



ဝက်ကလေးဟာ ရေ တစ်ဝကြီး
ချိုးပစ်လိုက်တယ်။

# အောက် အီး အီး အွတ်...



ကြက်ဖကြီးက တွန်သံပေးပြီး ဟိုဟိုဒီဒီ
ပတ်ပြေးနေတယ်။ ပတ်ပြေးနေရာက
အမှိုက်ပုံကြီးကို ခလုတ်တိုက်မိတော့ အမှိုက်တွေ
ဟိုတစ်စ ဒီတစ်စ ပြန့်ကြဲသွားပါလေရော။



နွားမကြီးက **“ဘွတ်အဲ”** လို့ အော်မြည်ရင်း
အစာပုံးထဲက စားကြွင်းစားကျန်တွေကို
အငမ်းမရ ဝါးစားပစ်တယ်။



ဝုန်း...



ပဲ အဲ အဲ...

ဆိတ်ကတော့ မြက်ခြောက်စင်ပေါ်
ပြေးတက်သွားလိုက်တာ
ခြေချော်ပြီး ပြုတ်ကျပါလေရော။



အဲဒီနောက် ခြင်းတောင်းတစ်လုံးပါ ပြုတ်ကျလာပြန်တယ်။



ဦးသာအောင်က အိမ်ကို ခပ်သုတ်သုတ် ပြန်လာတယ်။



“ဘာသံတွေပါလိမ့်” လို့ သူ စူးစမ်းလိုက်တယ်။

ဦးသာအောင်ဟာ စပါးကျီထဲကို
ခြေချလိုက်တယ်ဆိုရင်ပဲ... စားကြွင်းစားကျန်တွေကို
တက်နင်းမိပြီး မြေကြီးပေါ် လဲကျသွားပါလေရော။



“ဘာတွေ ဖြစ်နေကြတာလဲဟေ့”



ဦးသာအောင်ဟာ တိရစ္ဆာန်တွေအားလုံးကို
အပြင် ပြန်ထုတ်ပြီး အစာကျွေးပါတယ်။



“ခဏနေဦး”
သူ စဉ်းစားလိုက်တယ်။
“ဘဲက ဘယ်ရောက်နေပါလိမ့်”






“ဟာ… ဒီမှာပဲ”




Al the animals are hungry and the farmer hasn't come yet to feed them. They decide to feed themselves. And that's when things get wild!

စာရေးသူ -



Irajendran Sevugan သည် Room to Read သိရီလင်္ကာ ၏ အကြီးတန်း တွဲဖက်အစီအစဉ်မှူးအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ယခုစာအုပ်သည် Room to Read အတွက် သူ၏ ပထမဆုံး စာအုပ်ဖြစ်သည်။

သရုပ်ဖော် ရေးဆွဲသူ -



Isuri Dayaratne သည် ကိုလန်ဘို မြို့တော်မှ အရည်အချင်းရှိသော အနုပညာရှင် တစ်ယောက်ဖြစ်ပြီး အလွတ်တန်း ဒီဇိုင်နာနှင့် သရုပ်ဖော်ရေးဆွဲသူအဖြစ် လုပ်ကိုင်လျက်ရှိသည်။ သူမသည် အိုဟိုင်းယိုးပြည်နယ်၊ ကိုလမ်ဘက်စ် ရှိ Columbus College of Art and Design မှ ဘွဲ့ရရှိခဲ့သည်။ သူမ၏ ရေးသားချက်များကို ကမ္ဘာအနှံ့မှ ပြခန်းများနှင့် ပွဲများတွင် ပြသခဲ့ပြီးဖြစ်သည်။ အောက်ပါ Website မှလည်း ဝင်ရောက် လေ့လာနိုင်သည်။
http://artofisuri.com/

အပြင်ထွက်သွားတာ ကြာလွန်းတဲ့
လယ်သမားကြီးကြောင့် တိရစ္ဆာန်တွေအားလုံးဟာ
ဆာလောင်နေကြတယ်။ အဲဒီအချိန်မှာပဲ
ဝက်ကလေးက ကိုယ့်ဘာသာကိုယ် ဝင်စားကြမယ်လို့
ဆော်ဩလိုက်တယ်။ လယ်သမားကြီး
ပြန်ရောက်လာတဲ့အခါမှာတော့...။